
ဦးမင်းအောင် နှင့်
ရေံင်ပိုင်စီးတော်ယာဉ်
ပနိုသုငယ်

# အခန်း(၁)

သဖန်းကုန်းရွာ။ ညနေစောင်းအချိန်။ တိတိကျကျ ဆိုရမည်ဆိုလျှင် ရွာသူမလေးများ ရေခပ်ဆင်းရန်။ ရွာတောင်ဘက်ရှိ ရေကန်တွင် ရေခပ်သူ အပျိုချောလေးများ နှင့် စည်ကားနေလေ၏။

တစ်ယောက်တစ်ပေါက် စနောက်နေသံများ တစ်ဦးနှင့် တစ်ဦး ကလူကျီစယ်သံများမှာ ရွာဝင်လမ်မထိပ် သို့ပင် လျှံထွက်လျက် ရှိနေလေသည် ။

"ဟော့ဟိုမှာ မင်းသမီး ကြွလာပါပြီ"

"ဘယ်မှာ လဲ''

''ဟဲ့ ဘယ်သူလဲ မင်းသမီးဆိုတာ"

"ဘယ်သူဖြစ်ရမှာ လဲ သူ့ကိုယ်သူမြို့သားက ကြိုက်တာခံရတယ်ဆိုပြီး မာန်တက်နေတဲ့ ကောင်မပေါ့ မိနှင်းမှုံလေ''

တစ်ယောက်တစ်ပေါက် ဝိုင်းမေးသံများကြား ကောင်မလေး တစ်ယောက်မှ ရွာလမ်းမဘက်သို့ မေးငေါ့ပြရင်း ခပ်စူးစူးခပ်စွာစွာ လေသံဖြင့် ပြော လိုက်လေရာ ကျန်လူများ ၏ မျက်လုံးများက ၎င်းညွှန်ပြရာ မိန်းကလေးထံ စုပြုံ ရောက်သွားလေသည် ။

''ဘယ်က မြို့သားကို ပြောတာလဲ ကျုပ်လည်း မသိပါလား''

ကောင်မလေး တစ်ယောက်မှ အတီးအတပုံစံဖြင့် မေးလိုက်ရာ တစ်ယောက်မှာ သူမ၏ လက်မောင်းအား ဖျတ်ခနဲ ရိုက်လိုက်ပြီး ...

''ဘယ်သူရှိရမတုံး ဟိုဟာမ မိချောရဲ့ အစ်ကို ထွန်းအောင်ပေ့ါ နှင်းမှုံကို အရူးအမူး ကြိုက်နေတာ''

''မြို့က အဒေါ်တွေ ငယ်ငယ်တည်းက မွေးစားဖို့ ခေါ်သွားတာ ကျောင်းပြီးလို့ ရွာခဏ ပြန်လာတဲ့ အစ်ကိုထွန်းလား''

''အေးလေ သူမဟုတ်လို့ ဘယ်ကောင် ရှိသေးလို့ လဲအေ့''

''ကိုကြီးထွန်းက ကြိုက်လေ ကောင်မက သောက်ကြီးကျယ်လေ မတူမတန်သလိုနဲ့ ငါ့အစ်ကိုမြို့သား ပညာတတ်ကို ဒင်းကများ မူနေရသေးတယ် နောက်တော့လည်း ကြိတ်ပုန်းခုတ်ပြီး ခိုးစား နေတာပဲလေ''

''ဩော် ... ဇာတ်လမ်းက ဒီလိုကိုး''

''အစ်ကိုနဲ့ သဘောမတူတဲ့ ညီမနဲ့ ယောက်မ ကွမ်းတောင်ကိုင်တို့ ရဲ့ အစာမကြေတဲ့ ဇာတ်လမ်းပေ့ါ''

တစ်ယောက်မှ ပြောလိုက်ရာ မိချောမှ ...

''တော်စမ်းပါအေ ကောင်မက ရုပ်ကလေးပဲရှိတာ ကျန်တာ ဘာမှ မရှိ မိဘတွေကလည်း ငမွဲတွေ သူ့ယူလို့ ကတော့ ငါ့အစ်ကို သူတို့ တစ်အိမ်လုံး ရှာကျွေးရမှာ ခါးက ပုဆိုးတောင် မြဲပ့ါမလားပဲ''

''အိုအေ ပုဆိုးမမြဲလည်း ဘောင်းဘီ ဝတ်ခိုင်းပေ့ါအေ့''

''ဟုတ်ပ့ါ ခ်ခ်ခြိခြိ ... ဟားဟား''

တစ်ဦးမှ စ လိုက်လေရာ ကျန်လူများမှ ဝိုင်းရယ် လိုက်သည် တွင် မိချောမှ ဘာမဆိုင် ညာမဆိုင်ဖြင့် ငွေနှင်းမှုံအား မျက်စောင်းကြီး တစ်ချ

က်ထိုး၍ ...

''တော်ကြစမ်းပါအေ''

''ဟင်း စိတ်ညစ်ပါတယ်''

ရေကန်ဘက်သို့ လှည့်၍ ရေခပ် နေကြရမည့် အစား မိမိရှိရာသို့ စူးစိုက် အကဲခတ်ပြီး တီးတိုးပြောနေသော မိချော အပါဝင် မိန်းကလေး တစ်သိုက်ကြောင့် ရေခပ်ရန် ကန်ဘက်ဆီသို့ ဦးတည် လာနေသော ငွေနှင်းမှုံ၏ ခြေလှမ်းတို့ မှာ ရှေ့ဆက် လှမ်းရနိုး လှည့်ပြန်ရကောင်းနိုးနိုးဖြင့် ဝေခွဲမရနိုင်စွာ တုံ့ခနဲ ဖြစ်သွား လေတော့၏။

''ကောင်မ ငါ့ကိုမြင်တော့ ကြောက်ပြီး ရှေ့ဆက် မလာရဲတော့ဘူး တွေ့လား''

အသားညိုသော်လည်း ခန္ဓာကိုယ် အချိုးအစား ပြေပြစ်စွာ လှပသော လုံးကြီးပေါက်လှဟု ခေါ်ရမည်ဖြစ်သော မိချောမှ မေးငေါ့ကာ ငေါ့ကာဖြင့် ပြောလိုက်ရာ သူမအနားရှိ ကောင်မလေး အချို့မှ ...

''ဟုတ်ပ့ါတော်''

''ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဝံ့ဆိုတာ ဒါမျိုးပေ့ါအေ''

ရေကန်နား မလှမ်းမကမ်းတွင် မျက်နှာငယ်စွာ ရပ်နေသော အသားဖြူဖြူ သွယ်လျသော ခန္ဓာကိုယ်နှင့် ဆံပင်ရှည်ကြီးများအား ပဝါလေးဖြင့် စုချည်ထားသော မျက်လုံးဝိုင်းဝိုင်းနှင့် ငွေနှင်းမှုံဆိုသော ကောင်မလေးအား မကျေမနပ်ကြည့်၍ ပြောလိုက်ရာ ရေကန်ထိပ်ဆုံးမှ ရေအိုးရွက်၍ ပြန်လာသော ၎င်းတို့ ထက် အသက်ကြီးပုံရသော ရွာသူ အစ်မကြီး တစ်ယောက်မှ ...

''ကဲဟေ့ ကိုယ့်အလုပ် ကိုယ်လုပ်ကြပါအေ သူများ လိုက်စိတ်မဝင်

စားကြပါနဲ့ ရေခပ်စရာရှိ ခပ်ကြ ပြီးရင် ပြန်ကြမယ် အချိန်ကိုလည်း ကြည့်ဦး နေတောင် တော်တော် စောင်းနေပြီ''

''ဟုတ်ကဲ့ပါတော်''

''မိချောလည်း အမြန်လုပ် မှောင် လာပြီ ... နင့်အစ်ကို စိတ်ပူနေဦးမယ်''

''အင်း အင်း''

၎င်း၏ ဆော်ဩသံအဆုံး ရေကန်နား မလာဝံ့သလို ရပ်တန့်နေသော ကောင်မလေးထံမှ အကြည့်လွှဲ၍ ကျန်ကောင်မလေးများ ကိုယ်စီ ရေအိုးများအား ရွက်သူရွက် ခါးစောင်းပေါ် တင်သူတင်ပြီး ရေကန်နားမှ အလျှိုအလျှို ထွက်သွားကြလေရာ ၎င်းအား မေးငေါ့၍ ပြောလိုက်သော မိချော ဆိုသော ကောင်မလေးနှင့် မလှမ်းမကမ်းတွင် ရပ်နေသော နှင်းမှုံဆိုသော ကောင်မလေး နှစ်ယောက်သာ ရေကန်နား ကျန်ရစ် ခဲ့လေတော့သည် ။

''ဟွန်း ရပ်ကိုက သောက်မြင်ကို ကတ်တယ် တကယ်''

''ကိုကြီးတို့ များ ဘာကြည့် ကြိုက်တယ် မသိဘူး ငါ့အမြင်တော့ တစ်စက်ကလေးမှ ကို ကျက်သရေ မရှိဘူးတော်''

မိမိအား ပေစောင်းပေစောင်း ကြည့်၍ မကျေမနပ် မကြားတကြား ပြောသွားသော ချောမေဟူသော ငယ်သူငယ်ချင်းမလေးအား ခွန့်တုံ့ပြန်ပြောဆိုခြင်း မရှိဘဲ ငွေနှင်းမှုံမှာ လူရှင်းသွားသော ရေကန်နားသို့ ရေခပ်ရန် ခပ်သွက်သွက် ဆင်းလိုက် လေတော့၏။

ချောမေနှင့် ငွေနှင်းမှုံမှာ အတူတူ လည်ပင်းဖက် ကြီးပြင်းခဲ့သော ငယ်သူငယ်ချင်းများ ဖြစ်ခဲ့ကြသော်လည်း မြို့မှ အဒေါ်ဖြစ်သူ မွေးစားလို

က်သဖြင့် မြို့ကျောင်းတက်၍ မြို့သားကြီးလုံးလုံး ဖြစ် လာပြီးလျှင် ရွာရှိ မိဘနှစ်ပါးထံ အလည်လာသော ချောမေ၏ အစ်ကိုဖြစ်သူ ကိုထွန်းခိုင်မှ ငွေနှင်းမှုံအား နှစ်သက် စွဲလမ်းသွားပြီး နောက်မှ တကောက်ကောက် လိုက်၍ မေတ္တာ သက်ဝင်ကြောင်း လိုက်ပြောလေရာ မိမိဘက်မှ လက်မ ခံရဲသော်လည်း စိတ်ထဲတွင် မူ ပြန်လည် မေတ္တာ သက်ဝင်မိသဖြင့် လို က်လိုက်လျောလျော ပြန်လည်စကား ပြောမိသည် တွင် သူငယ်ချင်းဖြစ် သူ ချောမေမှ အမြင်မကြည် ရန်သူကြီးသဖွယ် မိမိအား ပြောင်းလဲ ဆက် ဆံလာခြင်း ဖြစ်၏။

အတွေးတို့ ဖြင့် တရွေ့ရွေ့ လျှောက်လာသော ငွေနှင်းမှုံမှာ ...

ရေကန်စပ်သို့ ရောက်သည် နှင့် ရေခပ်ရန် ကန်ထဲသို့ ရေအိုးအား နှ စ်ချမည်အပြု... သူမ၏ မျက်ဝန်းတို့ မှာ ကန်ရေပြင်ထက်ဆီသို့ ရောက် သွားလေရာ ကြည်လင် စိမ်းမြနေသော ကန်ရေပြင်ထဲတွင် ပြတ်သားစွာ ပေါ်နေသော ဖြူဖွေးဥနေသော မိမိမျက်နှာလေးအား စူးစိုက်စွာ ကြည့် နေ မိလေသည် ။

"ဒီအလှတွေကြောင့် ငါစော်ကားခံနေရတာ ဒီအလှတွေကြောင့် သူများ မနာလိုတာ ခံရတာ ဒီအလှတွေကြောင့် ... ယောကျ်ားတွေ ကြို က်တာ ခံရတာ ဒီအလှတွေကြောင့် ...

"ဝေါဝေါဗွီး''

"ဟင် ဘာဖြစ်တာလဲ''

သဖန်းကုန်းရွာမှာ ဧရာဝတီတိုင်းထဲရှိ ရွာများ ထဲတွင် ပါဝင်သော ရွာကြီးတစ်ရွာဖြစ်၍ မြစ်နှင့် မနီးမဝေးတွင် တည်ရှိနေသော ရွာဖြစ်လေ ရာ ယခုရေကန်မှာ လည်း ရေပြင်ငြိမ်သက်၍ လှိုင်းလေ ကင်း၍ သာ က န်ဟု အမည်တွင် နေသော်လည်း အမှန်စင်စစ်မှာ မူ ဧရာဝတီတိုင်း အ

တွင်းရှိ မြစ်လက်တက် တစ်ခုနှင့် တစ်ဆက်တည်း အနေအထားတွင် ရှိနေသဖြင့် မိုးရာသီတွင်း ရံဖန်ရံခါတွင် လေပြင်းတိုက်၍ ရေစီးသန် လာတတ်၏။

ယခုမူ မိုးရွာလေတိုက်ခြင်း မရှိပါဘဲနှင့် ရုတ်တရက် ကန်ရေပြင်မှာ လှိုင်းကြက်ခွပ်များ ပေါ်ထွက်လာသဖြင့် ရေပြင်ထက်ရှိ မိမိမျက်နှာအား သတိလက်လွတ် ငေးကြည့်နေမိသော ငွေနှင်းမှုံမှ ကြောက်ရွံ့တကြီး ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်စဉ် သူမရပ်နေသော ကန်စပ်ဆီသို့ ကန်တွင်းဘက် တစ်နေရာမှ ဝဲဂယက်သဖွယ် လှိုင်းလုံးကြီး တစ်ခုမှာ အရှိန်ပြင်းစွာ ပြေးဝင် ဆောင့်လေတော့၏။

''ဝိုးဝေါဝုန်း''

''အမလေး ဘာကြီးလဲ''

ကောင်းကင်ပေါ် မော့ကြည့်နေရာမှ အောက်ခြေရှိ ကန်ထဲမှ ရုတ်တရက် ဝုန်းခနဲ ထွက်ပေါ်လာသော လှိုင်းပုတ်သံကြောင့် ကန်ရှိရာသို့ ပြန်လည် အကြည့်ရောက်လာသော နှင်းမှုံ၏ မျက်လုံးထဲသို့ ရေအောက်မှ တစ်စုံတစ်ရာ တိုးထွက်လာသည့် သဖွယ် ခုန်ထွက်လာသော ရေလုံးကြီးမှာ ညိုမည်းနေသဖြင့် တအံ့တဩဖြစ်ကာ ငေးကြောင် ကြည့်နေဆဲတွင် ၎င်းမည်းညစ်နေသော ရေလုံးကြီးမှာ ကန်စပ်တွင် မလှုပ်ရှားရဲဘဲ ကြောက်ရွံ့စွာ ရပ်ကြည့် နေသော ငွေနှင်းမှုံ၏ သေးသွယ် ဖြူနုနေသော ခန္ဓာကိုယ်လေးပေါ်သို့ အုံ့မိုးလွှမ်းခြုံ လိုက်လေတော့သည် ။

''ဝုန်း''

''အား''

***